# ပါစကားကာလ စတုတ္ထတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၀း၁ - ၁၀

ယနေ့ ကောင်းသောသိုးထိန်း တနင်္ဂနွေနေ့ကို အသင်းတော်က ကျင်းပစေပါတယ်။ ယေဇူးဘုရားရှင်က ကျနော်တို့ရဲ့သိုးထိန်းဖြစ်တော်မူတယ်။ သိုးထိန်းရှင်ယေဇူးဘုရားက ကျနော်တို့ကို ဘယ်လိုနေထိုင်ရမလဲ ဆိုတာ လမ်းပြတယ်။ သူများတွေ ကောင်းကောင်း/မကောင်းကောင်း ကျနော်တို့က လူတိုင်းအပေါ် မေတ္တာထားနိုင်ဖို့ သင်ပေးရုံမျှမက သူကိုယ်တိုင် လူတိုင်းအပေါ် မေတ္တာထားတယ်။ သူ့ဘဝကျင့်စဉ်အားဖြင့် လက်တွေ့ သင်ပေးတယ်။ ဒ့ါကြောင့် ကားတိုင်ပေါ်မှာ အသေသတ်ခြင်းကို ခံယူခဲ့နိုင်တယ်။

ကျနော်တို့ကိုလည်း ကောင်းတဲ့သိုးထိန်းများဖြစ်ကြဖို့ သခင်ယေဇူးက ဖိတ်ခေါ်နေပါတယ်။ ကျနော်တို့လည်း သိုးထိန်းတွေဖြစ်ကြလို့ သူတစ်ပါးကို ယေဇူးဘုရားဆီရောက်အောင် ဦးဆောင်ပေးရမယ်။ ယနေ့ကျမ်းစာမှာ ယေဇူးက "ငါသည် သိုးတို့ဝင်သောတံခါးဝဖြစ်၏။ ငါ့ထက်အလျင်ဝင်ရောက်လာသောသူအပေါင်းတို့သည် သူခိုးဓါးပြများဖြစ်ကြ၏။ သို့သော် သိုးတို့သည် သူတို့ကို နားမထောင်ကြ။ ငါသည် တံခါးဝဖြစ်၏။ ငါ့အားဖြင့် ဝင်သောသူသည် ဘေးအန္တရာယ်ကင်းလွတ်၍ ဝင်ထွက်သွားလာနိုင်သဖြင့် စားကျက်ကို တွေ့ရလိမ့်မည်။ သူခိုးသည် ခိုးယူ၍ သတ်ဖြတ်ဖျက်ဆီးရန်သာ လာ၏။ ငါမူကား သူတို့အား အသက်ကိုရစေခြင်းငှါလည်းကောင်း၊ ထိုအသက်ကို ပို၍ ကြွယ်ဝစွာရစေခြင်းငှါလည်းကောင်း လာ၏။"

ယနေ့ လောကမှာ ရှင်သန်ချင်စရာကောင်းတဲ့အသက်တာတွေဖြစ်ဖို့၊ ကြွယ်ဝတဲ့အသက်တာတွေဖြစ်ဖို့ ကျနော်တို့က သခင်ယေဇူးစိတ်ထားအတိုင်း သိုးထိန်းလုပ်ပေးရမယ်။ ဘာလို့လဲဆိုတော့ လောကလူတွေက သူတို့ရဲ့အစမူရင်းကို မသိကြဘူး၊ ဘယ်ကလာတာလဲ။ ငါတို့က ဘယ်သူတွေလဲ မသိကြဘူး။ ဘာရည်ရွယ်ချက်နဲ့ ရှင်နေကြတာလဲ မသိဘူး။ ဘဝရဲ့ပန်းတိုင်က ဘာလဲ။ ဘဝရဲ့ရည်ရွယ်ချက်က ဘာလဲ မသိကြဘူး။ သေပြီးရင်ရော ဘယ်ရောက်မလဲ မသိကြပါဘူး။ ဒါကြောင့်လည်းပဲ ပီလတ်တူးမင်း မေးသလို "သမ္မာတရားက ဘာလဲ၊ အမှန်တရားက ဘာလဲ။" မသိကြတဲ့ခေတ် ဖြစ်နေပါတယ်။ ပျက်ဆီးနေတဲ့ခေတ်၊ သတင်းအမှားတွေနဲ့ပဲ ဝါဒဖြန့်နေတဲ့ခေတ်၊ လူတွေကို လမ်းမှားရောက်အောင် လုပ်နေတဲ့ခေတ်ကာလ ဖြစ်နေပါတယ်။

ကြွယ်ဝတဲ့အသက်တာသို့ ရောက်စေမည့်တံခါးဝဖြစ်တော်မူတဲ့ယေရှုဘုရားကို ဆာလံကျမ်းမှာ အခုလို ရေးထားပါတယ်။ "ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါ၌ မည်သည့်အရာမျှလိုလေသေးရှိမည်မဟုတ်။ ကိုယ်တော်သည် ငါ့အား စိမ်းလန်းသောစားကျက်များ၌ နားစေတော်မူ၍ ငြိမ်သက်သာယာသောမြစ်ချောင်းများအနီးသို့ လမ်းပြခေါ်ဆောင်တော်မူ၏။" ။ ယေရှုဘုရားရှင်ကလည်း အဲဒီလို သိုးထိန်းဖြစ်တော်မူလို့ "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် သင်တို့ကို အားဖြည့်ပေးမည်။ ငါ၏ထမ်းပိုးကို ယူ၍ထမ်းလျက် ငါ့ထံမှ သင်ယူကြလော့။ အကြောင်းမူကား ငါသည် သိမ်မွေ့၍ နှိမ့်ချသောစိတ်နှလုံးရှိ၏။ သင်တို့၏စိတ်ဝိညာဉ်သည်လည်း သက်သာရာရလိမ့်မည်။ အကြောင်းမူကား ငါ၏ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ၏ဝန်သည်လည်း ပေါ့၏ဟု မိန့်တော်မူ၏။"

ကျနော်တို့က ဆင်းရဲသားတွေ၊ အနှိမ်ခံသူတွေ၊ ခွဲခြားဆက်ဆံခံရသူတွေကို ကူညီနိုင်ကောင်း ကူညီနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ သူတို့ကို အကူအညီတွေ ပေးပြီးတော့ သူတို့ကို သခင်ယေရှုမပေးရင်တော့ အလကားပဲ။ သူတို့ ပြောင်းလဲရင်လည်း ခဏယာယီပဲ။ အကူအညီရလို့ သူတို့ ပျော်ရင်လည်း ခဏယာယီပဲ။ အကူအညီရလို့ အဆင်ပြေသွားရင်လည်း ခဏယာယီပဲ ဖြစ်နေလိမ့်မယ်။ သခင်ယေရှုကို ရမှသာ ကြွယ်ဝတဲ့အသက်တာကို ရနိုင်ပါလိမ့်မယ်။ ဘဝကို ကျေနပ်နိုင်ပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ အပြစ်ကိုခွင့်လွှတ်နိုင်တဲ့ယေရှုဘုရားကို ရမှသာ သူတို့ ငြိမ်သက်ခြင်းရနိုင်မယ်။ ဒါကို ယေရှုတစ်ပါးတည်းကသာ တတ်နိုင်တာမို့လို့ပါ။ ငါတို့အတွက် အသေခံပေးတဲ့ယေရှုကို ရမှသာ ငါတို့ဟာ ကယ်တင်ခြင်းခံရနိုင်မယ်။ သေရာမှပြန်ရှင်တော်မူတဲ့ယေရှုဘုရားကို ရမှသာ ငါတို့လည်း သေရာမှပြန်ရှင်နိုင်မှာမို့လို့ပါ။ တစ်ခြား ဘယ်ဘုရားမှ သေရာကပြန်မရှင်ခဲ့လို့ပါ။ ယေရှုဘုရားရှင်ကသာ ခမည်းတော်ဘုရားနဲ့အတူ ရှိနေလို့ ကျနော်တို့လည်း ထာဝရအသက်ရှင်ရဖို့ သေချာနိုင်တာပါ။

သခင်ယေရှုလို ကျနော်တို့လည်း သိုးထိန်းကောင်းတွေ ဖြစ်နိုင်ဖို့က အစပထမ သခင်ယေရှုရဲ့ သေရာမှပြန်ရှင်တာကို သေချာဖို့ လိုပါတယ်။ ယနေ့ ပထမကျမ်း တမန်တော်ဝတ္ထုမှာ ရှင်ပေတရုက လူတွေကို ဟောပြောတဲ့ဩဝါဒထဲမှာ "ထို့ကြောင့် သင်တို့လက်ဝါးကပ်တိုင် တင်၍သတ်ခဲ့ကြသောယေရှုကို ဘုရားသခင်သည် အရှင်နှင့် ခရစ်တော်အဖြစ် ခန့်ထားတော်မူကြောင်း အစ္စရာအဲလ်တစ်မျိုးသားလုံး အခိုင်အမာ သိကြပါစေဟု ဟောပြောလေ၏။"

ဒါကြောင့် ခရစ်ယာန်တွေကိုရော၊ ခရစ်ယာန်မဟုတ်သူတွေရောကို မေးချင်တာက သခင်ယေရှုးဟာ ရောဂါဝေဒနာသည်အမျိုးမျိုးကို သူ့ရဲ့တန်ခိုးနဲ့ ကုသပျောက်ကင်းစေတယ်၊ ဒါဟာ ဘာအဓိပ္ပါယ်လဲ။ တရားဒေသနာဟောပြောတယ်။ ဆာလောင်တဲ့သူတွေကို ကျွေးမွေးတယ်။ နတ်ဆိုးပူးတဲ့သူတွေထံမှ နတ်ဆိုးကို နှင်ထုတ်တယ်။ ဒီလုပ်ရပ်တွေက ဘာကိုဆိုလိုတာလဲ။ နောက်ဆုံး ဒုက္ခခံရတယ်၊ ကားတိုင်ပေါ်မှာ အသေသတ်ခံရတယ်။ သေပြီး (၃) ရက်မြောက်တဲ့နေ့မှာ သေရာမှပြန်ရှင်တယ်။ ဒါတွေက ဘာကို ဆိုလိုတာလဲ။ လူတွေကို ဘာသိစေချင်လို့ ဘုရားက ဒီလိုဖြစ်စေတာလဲ။ အဖြေ ရှင်းပါတယ်။ လူတွေကို သိစေချင်တဲ့သတင်းစကားကတော့ ခရစ်တော်ဟာ ကယ်တင်ရှင်ဘုရားဖြစ်ကြောင်း သေချာစေချင်တာပါပဲ။ ခရစ်တော်ဟာ ကယ်တင်ရှင်ဘုရားဖြစ်ကြောင်း အသေအချာ သိရမြင်ရတဲ့ တပည့်တော်ကြီးတွေ သူတို့ရဲ့ဘဝတွေကို ဘယ်လို ဆက်ရှင်ကြတော့သလဲ။ သူတို့ဟာ သခင်ယေရှုးအကြောင်း သတင်းကောင်းကို နေရာတကာ လှည့်လည်ဟောပြောပါတယ်။ အသေခံရတာတောင် မကြောက်နိုင်ကြတော့ပါဘူး။ ကျနော်တို့ကိုလည်း ဘုရားသခင်က အဲလို သက်သေခံနိုင်တဲ့ သိုးထိန်းကောင်းတွေလို ဖြစ်စေချင်ပါတယ်။

နားဆင်သူအပေါင်းတို့အပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။